# ပဋိဇီဝဆေးများကိုစနစ်တကျကိုင်တွယ်ထိန်းချုပ်ရန်သင်၏အကူအညီလိုအပ်ပါသည်။

လက်လီရောင်းချသူများနှင့်လက်ကား ဖြန့်ဖြူးသူများ


ပဋိဇီဝဆေးများသည် လူနှင့်တိရစ္ဆာန်များတွင် ကူးစက်ရောဂါပိုးများကို ကာကွယ်ကုသရန် မရှိမဖြစ်လိုအပ်သောဆေးဝါးများဖြစ်ပါသည်။

သို့သော် အဆိုပါဆေးဝါးများ၏ ထိရောက်မှု အာနိသင်သည် ကျဆင်းလျက်ရှိသည်။

- ထိုကဲ့သို့တန်ဖိုးရှိဆေးဝါးများကို စည်းကမ်းမဲ့သုံးစွဲလိုက်တိုင်း ရောဂါပိုးမွှားများ၏ ဆေးယဉ်ပါးမှုအန္တရာယ်သည်လည်း ကြီးထွားလာမည်ဖြစ်ပါသည်။ ဘက်တီးရီးယားပိုးမွှားများသည် ဆေးယဉ်ပါးမှုဖြစ်ပွားပါက ပဋိဇီဝဆေးဝါးများ၏ ထိုဘက်တီးရီးယားပိုးများအပေါ်ထိရောက်မှုအာနိသင်မရှိတော့ဘဲ ရောဂါများကို ကုသ၍မရနိုင်တော့ပါ။ ဤဖြစ်စဉ်ကို ပဋိဇီဝဆေးယဉ်ပါးမှုဟုခေါ်ပါသည်။
- ဆေးယဉ်ပါးသည့် ရောဂါပိုးမွှားများမဖြစ်ပေါ်စေရေးကာကွယ် ရန် သို့မဟုတ် လျှော့ချရန်အတွက် လူသားကျန်းမာရေး၊ တိရစ္ဆာန်ကျန်းမာရေးနှင့် အပင်ကျန်းမာရေးကဏ္ဍအားလုံးတွင် တာဝန်ရှိပါသည်။ ထုတ်လုပ်ပြီးသော ပဋိဇီဝဆေး အုပ်စုများ၏ အာနိသင်ဆက်တက်တည်မြဲ ထိရောက်စေရေးနှင့် ပဋိဇီဝဆေးအသစ်များထုတ်လုပ်ခြင်း ဖွံ့ဖြိုးတိုးတက်မှု သည် တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့် ကောင်းကျိုးချမ်းသာအတွက် အလွန်အရေးကြီးပါသည်။
- အဆိုပါတန်ဖိုးရှိဆေးဝါးများကို ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့၏ အပြည်ပြည်ဆိုင်ရာစံသတ်မှတ်ချက်များ အတိုင်း စဉ်းစားချင့်ချိန် အသုံးပြုခြင်းဖြင့် အဆိုပါဆေးဝါးများ၏ အာနိသင်ထိရောက်မှုကို ထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။

ကျွန်ုပ်တို့အားလုံးက သင့်ကို လိုအပ်နေပါတယ်

“ကျွန်ုပ်တို့အားလုံးတွင် ဆေးယဉ်ပါးမှုပြဿနာအတွက် တာဝန်ကိုယ်စီရှိကြပြီး (သင်) လက်လီ/လက်ကားဖြန့်ဖြူးရောင်းချသူများ အနေဖြင့်လည်းကူညီဖြေရှင်းနိုင်ပါသည်။”



- ပဋိဇီဝဆေးယဉ်ပါးမှုသည့် ပိုးမွှားများပြဿနာကို ကိုင်တွယ်ဖြေရှင်းရေးသည် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့၏ ဦးစားပေးရည်မှန်းချက်ဖြစ်ပါသည်။
- ပဋိဇီဝဆေးများဆေးဝါးများ၏ အာနိသင်ထိရောက်မှုကို တည်တံ့အောင် ထိန်းသိမ်းနိုင်ရန်အတွက် အဆိုပါဆေးဝါးများကို စဉ်းစားချင့်ချိန် အသုံးပြုရန် ကျွန်ုပ်တို့အားလုံး အတူတကွ လုပ်ဆောင်ရန် လိုအပ်ပါသည်။
- ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့သည် နိုင်ငံတကာ စံချိန်စံညွှန်းများအရ ပဋိဇီဝဆေးများကို စဉ်းစားချင့်ချိန် အသုံးပြုရေးသည် လူသားကျန်းမာရေး၊ တိရစ္ဆာန်ကျန်းမာရေးနှင့် တိရစ္ဆာန်ကောင်းကျိုးချမ်းသာအတွက် အရေးကြီးသောကြောင့် လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချသူများ အပါအဝင် ကဏ္ဍအားလုံးတွင် တာဝန်ရှိပါသည်။



For more information: **www.oie-antimicrobial.com**

# လက်လီ/လက်ကားဖြန့်ဖြူးရောင်းချသူများ (လုံခြုံရေးကင်း)

လက်လီရောင်းချသူများနှင့်လက်ကား ဖြန့်ဖြူးသူများ

- ပဋိဇီဝဆေးများကို တာဝန်ရှိစွာဖြန့်ဖြူးနေရသဖြင့် ပဋိဇီဝဆေးများအတွက် ဆေးအာနိသင်များတာရှည်ခံခြင်း၏ အရေးပါမှုကို သိထားသင့်သည်။ တိရစ္ဆာန်ဆေးကုဆရာဝန်၏ ခွင့်ပြုလက်မှတ်ဖြင့် အရည်အသွေးမြင့်ပဋိဇီဝဆေးဝါးများကိုသာရောင်းချရမည်။
- ပဋိဇီဝဆေးယဉ်ပါးမှုများပိုမိုဖြစ်ပေါ်လာခြင်းများကာကွယ်လျက် တိရစ္ဆာန်တို့၏ကျန်းမာရေးနှင့် ဘဝသာယာမှုများ ပိုမိုရရှိစေရန် ပဋိဇီဝဆေးများကို တာဝန်သိစွာချင့်ချိန်ရောင်းချရန်လိုအပ်ပါသည်။
- သင်၏ဦးဆောင်မှုနှင့်လွှမ်းမိုးမှုများသည် ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေးလှုပ်ရှားမှု၊ ကဏ္ဍအသီးသီးတွင် ကျွမ်းကျင်ပိုင်နိုင်မှုနှင့် တစိုက်မတ်မတ်ဆောင်ရွက်လျက် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းများတွင် အဓိကမဏ္ဍိုင်ဖြစ်သည်။

## လက်လီ/လက်ကားဖြန့်ဖြူးရောင်းချသူများ သည်

၁ တရားဝင်ခွင့်ပြုထားသည့်ဆေးဝါးများကိုသာရောင်းချရမည်။

၂ တိရစ္ဆာန်သုံးပဋိဇီဝဆေးဝါးများကို ထိန်းသိမ်းခြင်းနှင့် သယ်ယူပို့ဆောင်ရာတွင် ကောင်းမွန်သောကျင့်စဉ်များဖြင့် ဆောင်ရွက်ရမည်။

၃ လူမှုကွန်ယက်(အင်တာနက်) မှတစ်ဆင့်ရောင်းချခြင်းအပါအဝင် ပဋိဇီဝဆေးများကို တိရစ္ဆာန်ဆေးကုဆရာဝန်မှတ ရားဝင်ညွှန်ကြားချက်ဖြင့်သာ ရောင်းချရမည်။

၄ ထုတ်ကုန်ပစ္စည်းများအားလုံးသည် ရှင်းလင်း၊ မှန်ကန်သော အသုံးပြုပုံအချက်အလက်များ၊ သက်တမ်းကုန်ဆုံးရက်နှင့် ဆေးဖြတ်ကာလ စသည်တို့ပါဝင်သော အညွှန်းအတိအကျဖြင့်ဖော်ပြထားရမည်။

၅ ပဋိဇီဝဆေးများကုဒ်နံပါတ်များဖြင့်ကြော်ငြာရာတွင် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီလိုက်နာရ မည်။

၆ နောက်ကြောင်းပြန်လိုက်နိုင်ရန်အတွက် အသေးစိတ်မှတ်တမ်း (တင်သွင်းသူ၊ ပြဌာန်းချက်၊ အသုံးပြုသူ၊ ကုန်ပစ္စည်း အမည်၊ ထုတ်လုပ်မှုအမှတ်စဉ်၊ ပမာဏ၊ သက်တမ်း) များကိုထိန်းသိမ်းထားရမည်။

၇ သက်ဆိုင်ရာအာဏာပိုင်များနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်သင့်ပြီး ပဋိဇီဝဆေးအသုံးပြုမှုကို စောင့်ကြည့်အကဲခတ်နိုင်ရန် ဖြန့်ဖြူးရောင်းချမှု အချက်အလက်များကို မျှဝေသင့်သည်။

၈ ဝန်ထမ်းများအားလုံးသည် လုံလောက်သော အရည်အချင်းများပြည့်မီရမည်။ ဝန်ထမ်းများသည် သင့်တော်သော ထိန်းသိမ်းခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ပဋိဇီဝဆေးပစ္စည်းများဖြန့်ဖြူးခြင်းနှင့် ပတ်သက်သည့်သင်တန်းများကို တက်ရောက်စေရမည်။




Funded by UK Government

WORLD ORGANISATION FOR ANIMAL HEALTH
*Protecting animals, preserving our future*